Information Sheet

VOLUME II, ISSUE 6

20 July 2022

★	အကြောင်းအရာ	စာမျက်နှာ
၁	နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၇၅) နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားသို့ တက်ရောက်ဂါရဝပြု	၁
၂	အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ ကုသိုလ်ပြုအမျှပေးဝေခြင်း အခမ်းအနားကျင်းပ	၈
၃	အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ ရန်ကုန်မြို့တော်ခန်းမ၌ နေ့ဆွမ်းဆက်ကပ်လှူဒါန်း	၉
၄	(၇၅) နှစ်မြောက် အာဇာနည်နေ့ ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် နိုင်ငံတော်အလံအား တိုင်ဝက်သို့ လျှော့ချလွှင့်ထူခြင်းအခမ်းအနားကျင်းပ	၁၀
၅	(၇၅) နှစ်မြောက် အာဇာနည်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်နှင့် ဗိုလ်ချုပ်ကြေးရုပ်သို့ ပြည်သူများနှင့် နိုင်ငံခြားသားများ လာရောက်လေ့လာ၊ ဂါရဝပြု	၁၁
၆	နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် Jeng Phang နော်တောင် ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲ (ရန်ကုန်) ရုံးသစ်ဖွင့်လှစ်ခြင်း အခမ်းအနားသို့ တက်ရောက်	၁၃
၇	မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေး အဖွဲ့ (၂၀၂၂-၂၀၂၆) တွင် ပါဝင်တာဝန်ထမ်းဆောင်ကြမည့် ပုဂ္ဂိုလ်များကို ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားကျင်းပ	၁၅

★	အကြောင်းအရာ	စာမျက်နှာ
၈	Kaung For You ဖြစ်စဉ်နှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ဖြေကြားချက်	၁၆
၉	(၂၂)ကြိမ်မြောက် နိုင်ငံဖြတ်ကျော်မှုခင်းများဆိုင်ရာ အာဆီယံအဆင့်မြင့် အရာရှိကြီးများအစည်းအဝေး မြန်မာကိုယ်စားလှယ်အဖွဲ့ Video Conferencing ဖြင့် ပါဝင်တက်ရောက်	၁၇
၁၀	၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် မျိုးဆက်သစ်ထူးချွန်လူငယ်မောင်မယ်များ စင်ကာပူနိုင်ငံနှင့် ထိုင်းနိုင်ငံ လေ့လာရေးခရီးစဉ်မှ ပြန်လည်ရောက်ရှိ	၁၉
၁၁	မြန်မာ့ပင်လယ်ပြင်အတွင်း၌ ရေဝင်နစ်မြုပ်မှုဖြစ်ပွားနေသည့် ငါးဖမ်းစက်လှေများမှ လှေသားများအား တပ်မတော်စစ်ရေယာဉ်၊ ကမ်းခြေစောင့်တပ်ဖွဲ့ရေယာဉ်များဖြင့် ကူညီကယ်ဆယ်	၂၁
၁၂	ပြစ်မှုကျူးလွန်ခြင်းမရှိဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်ခိုလှုံသည့် PDF အဖွဲ့ဝင်များအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်	၂၂
၁၃	ကျောက်တန်းမြို့နယ်၌ အကြမ်းဖက်သမားတစ်ဦးက အကြမ်းဖက်မှုလုပ်ရပ်များ လုပ်ဆောင်ရန် လက်ပစ်ဗုံးအား ဆိုင်ကယ်ဖြင့် သယ်ဆောင်လာစဉ် ပေါက်ကွဲမှုဖြစ်ပွား၍ သေဆုံး	၂၃
၁၄	ပေါက်မြို့နယ်၊ ကျောက်အိုးကျေးရွာအတွင်းရှိ ဒေသခံပြည်သူများ၏ နေအိမ်များအား PDF အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီး	၂၄
၁၅	PDF အကြမ်းဖက်သမားများက ပညာရေးကဏ္ဍမြင့်မားရေးကို နည်းမျိုးစုံ အသုံးပြု၍ နှောင့်ယှက်ဖျက်ဆီး	၂၅
၁၆	အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အကြမ်းဖက်လုပ်ရပ်များ အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဆက်လက်ဖော်ထုတ်အရေးယူ	၂၇

Information Sheet

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၇၅) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားသို့ တက်ရောက်ဂါရဝပြု

၂၀၂၂ ခုနှစ်၊ (၇၅) နှစ်မြောက်အာဇာနည်နေ့အခမ်းအနားကို ဇူလိုင်လ ၁၉ ရက်တွင် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်၌ ကျင်းပခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်ဂါရဝပြုခဲ့ပါသည်။ ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များက အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့ပြီး တက်ရောက်လာကြသူများနှင့်အတူ ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွမ်းသူပန်းခွေကိုချ၍ အလေးပြုခဲ့ကြပါသည်။

ယင်းအချိန်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် တိုင်ဝက်သို့လျှော့ချလွှင့်ထူ၍ ဂုဏ်ပြုတပ်ဖွဲ့ဝင်များက သေနတ်မြှောက်၍လည်းကောင်း၊ စစ်ခရာအဖွဲ့က ကျဆုံးရဲဘော် အလေးပြုခရာမှုတ်၍လည်းကောင်း အလေးပြုကြပြီးနောက် နှစ်မိနစ်ငြိမ်သက်စွာ မေတ္တာပို့သအမျှပေးဝေခဲ့ကြပါသည်။

ယင်းနောက် အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများနှင့် သံရုံးယာယီတာဝန်ခံများ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံး၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး၊ မြန်မာနိုင်ငံသတင်း မီဒီယာကောင်စီစသည်တို့အပါအဝင် အခြားသော လူမှုရေးအသင်းအဖွဲ့အသီးသီးမှ ကိုယ်စားလှယ်များနှင့် ပြည်သူများက ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလမ်းညွှန်ချက်များနှင့်အညီ စနစ်တကျတန်းစီ၍ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ကျေးဇူးတရားကို အောက်မေ့အမှတ်ရသောအားဖြင့် ဂါရဝပြုခဲ့ကြပါသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် မန်းငြိမ်းမောင်၊ Jeng Phang နော်တောင်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ (၇၅) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးကိုကို၊ ပြည်ထောင်စုဝန်ကြီးများ၊ ညွှန်ကြားကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့်တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်းသိရှိရပါသည်။

(မြဝတီသတင်းစာ ၂၀-၇-၂၀၂၂)

J

ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက အာဇာနည်ခေါင်းဆောင်ကြီးများ၏မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်နေမှု

- (၇၅) နှစ်မြောက်အာဇာနည်နေ့အခမ်းအနားတွင် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ၊ အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများနှင့် သံရုံးယာယီတာဝန်ခံများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများက ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ကျေးဇူးတရားကို အောက်မေ့အမှတ်ရသော အားဖြင့် တက်ရောက်ဂါရဝပြုခဲ့။



ဒုတိယဝန်ကြီးချုပ်က အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွမ်းသူပန်းခွေချ၍ အလေးပြုနေမှု

အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏မိသားစုဝင်များ ကိုယ်စား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ တိုးအောင်က လွမ်းသူပန်းခွေချ ဂါရဝပြုနေမှု

သခင်မြ၏မိသားစုဝင်များက လွမ်းသူပန်းခွေချ အလေးပြုပြီး ရှိခိုးကန်တော့၍ မေတ္တာပို့အမျှပေးဝေနေမှု

ဒီးဒုတ်ဦးဘချို၏မိသားစုဝင်တစ်ဦးက လွမ်းသူပန်းခွေချ ဂါရဝပြုနေမှု

ဦးဘဝင်း၏မိသားစုဝင်များကိုယ်စား ကိုယ်စားလှယ်တစ်ဦးက လွမ်းသူပန်းခွေချ ဂါရဝပြုနေမှု

မန်းဘခိုင်၏မိသားစုဝင်များက လွမ်းသူပန်းခွေချ အလေးပြုပြီး ဆုတောင်းမေတ္တာပို့သနေမှု

မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း၏မိသားစုဝင်များက လွမ်းသူပန်းခွေချ အလေးပြုပြီး ရှိခိုးကန်တော့၍ မေတ္တာပို့အမျှပေးဝေနေမှု

ဦးရာဇတ်၏ မိသားစုဝင်များက လွမ်းသူပန်းခွေချ ဂါရဝပြုနေမှု

ဦးအုန်းမောင်၏မိသားစုဝင်များက လွမ်းသူပန်းခွေချ အလေးပြုပြီး မေတ္တာပို့သပြီး အမျှပေးဝေနေမှု

ရဲဘော်ကိုထွေး၏ မိသားစုဝင်များက လွမ်းသူပန်းခွေချ ဂါရဝပြုနေမှု

မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးမှ တာဝန်ရှိသူတစ်ဦးက လွမ်းသူပန်းခွေချ ဂါရဝပြုနေမှု

မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံရုံးမှ တာဝန်ရှိသူတစ်ဦးက လွမ်းသူပန်းခွေချ ဂါရဝပြုနေမှု

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့မှ တာဝန်ရှိသူများက လွမ်းသူပန်းခွေချ ဂါရဝပြုနေမှု

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများက လွမ်းသူပန်းခွေချ အလေးပြုနေမှု

အာဇာနည်ခေါင်းဆောင်ကြီးများ၏ ကျေးဇူးတရားကို အောက်မေ့အမှတ်ရသောအားဖြင့် ပြည်သူများက ဂါရဝပြုနေမှု

အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ ကုသိုလ်ပြုအမျှပေးဝေခြင်း အခမ်းအနားကျင်းပ

နိုင်ငံတော်အတွက် အသက်ပေးလှူသွားကြသည့် အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူးကုသိုလ်ပြုအမျှပေးဝေခြင်းအခမ်းအနားကို (၇၅) နှစ်မြောက် အာဇာနည်နေ့ဖြစ်သော ဇူလိုင်လ ၁၉ ရက်တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ကောင်စီရုံး ဧမ္မူသီရိခန်းမ၌ ကျင်းပခဲ့ပါသည်။

အခမ်းအနားသို့ လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယကဆရာတော်အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်၊ ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် ဧည့်ပရိသတ်များက ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယကဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်၍ ပရိတ်တရားတော်များကို နာယူကြည်ညိုကြပြီး ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကာ အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ ရေစက်သွန်းချ အမျှပေးဝေခဲ့ကြပါသည်။

ထို့နောက် နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် အခမ်းအနားသို့ တက်ရောက်လာကြသူများက နိုင်ငံတော်အတွက် အသက်ပေးလှူသွားကြသည့် အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ ၁ မိနစ် ငြိမ်သက်ဂါရဝပြုကြပြီးနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရှိရပါသည်။

(မြဝတီသတင်းစာ ၂၀-၇-၂၀၂၂)

- **နိုင်ငံတော်အတွက် အသက်ပေးလှူသွားကြသည့် အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူးကုသိုလ်ပြုအမျှပေးဝေခြင်း အခမ်းအနားကို (၇၅) နှစ်မြောက် အာဇာနည်နေ့ဖြစ်သော ဇူလိုင်လ ၁၉ ရက်တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ကောင်စီရုံး ဧမ္မူသီရိခန်းမ၌ ကျင်းပခဲ့။**

- **နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် အခမ်းအနားသို့ တက်ရောက်လာကြသူများက နိုင်ငံတော်အတွက် အသက်ပေးလှူသွားကြသည့် အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ ၁ မိနစ် ငြိမ်သက်ဂါရဝပြုကြပြီးနောက် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့။**

အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ ရန်ကုန်မြို့တော်ခန်းမ၌ နေ့ဆွမ်းဆက်ကပ်လှူဒါန်း

၂၀၂၂ ခုနှစ် (၇၅)နှစ်မြောက် အာဇာနည်နေ့တွင် ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်များအား ရည်စူး၍ နေ့ဆွမ်းဆက်ကပ်လှူဒါန်း ရေစက်သွန်းချ အမျှပေးဝေခြင်း အခမ်းအနားကို ဇူလိုင်လ ၁၉ ရက်တွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမ၌ ကျင်းပခဲ့ပါသည်။

အခမ်းအနားတွင်-

- နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ဒုတိယဥက္ကဋ္ဌ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ဘဒ္ဒန္တကောဝိဒ၊ မိတ္ထီလာဆရာတော်ထံမှ ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည့် မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြကာ လှူဖွယ်ပစ္စည်းများနှင့် ဆွမ်းဆက်ကပ်လှူဒါန်းခဲ့။

- နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ဘဒ္ဒန္တပညာဓဇ၊ ပုဇွန်တောင်ဆရာတော်ထံမှ အနုမောဒနာတရား နာယူကြပြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့။

အခမ်းအနားသို့ (၇၅)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင့်၊ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မိုးဇော်ထွန်း၊ ရန်ကုန်မြို့တော်ဝန်နှင့် ကော်မတီဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

(မြဝတီသတင်းစာ ၂၀-၇-၂၀၂၂)

- **၂၀၂၂ ခုနှစ် (၇၅)နှစ်မြောက် အာဇာနည်နေ့တွင် ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်များအား ရည်စူး၍ နေ့ဆွမ်းဆက်ကပ်လှူဒါန်း ရေစက်သွန်းချ အမျှပေးဝေခြင်းအခမ်းအနားကို ဇူလိုင်လ ၁၉ ရက်တွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမ၌ ကျင်းပခဲ့။**

(၇၅) နှစ်မြောက် အာဇာနည်နေ့ ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် နိုင်ငံတော်အလံအား တိုင်ဝက်သို့ လျှော့ချလွှင့်ထူခြင်းအခမ်းအနားကျင်းပ

(၇၅) နှစ်မြောက် အာဇာနည်နေ့ ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် နိုင်ငံတော်အလံအား တိုင်ဝက်သို့ လျှော့ချလွှင့်ထူခြင်းအခမ်းအနားကို ဇူလိုင်လ ၁၉ ရက်တွင် ရန်ကုန်မြို့ဝန်ကြီးများရုံး(ယခင်အတွင်းဝန်ရုံး)၌ ကျင်းပခဲ့ရာ (၇၅) နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရေးလုပ်ငန်းကော်မတီအတွင်းရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး မြို့တော်ဝန် ဦးဗိုလ်ဌေးနှင့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဂုဏ်ပြုတပ်ဖွဲ့များ တက်ရောက်၍ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများကို အလေးပြုကြပြီး နိုင်ငံတော်အလံအား တိုင်ဝက်သို့ လျှော့ချလွှင့်ထူကာ နှစ်မိနစ် ငြိမ်သက်စွာ မေတ္တာပို့အမျှပေးဝေခဲ့ကြပါသည်။

ဝန်ကြီးများရုံး (ယခင်အတွင်းဝန်ရုံး)၌ ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများကျဆုံးခဲ့သည့် အစည်းအဝေးခန်းမနှင့် ပါလီမန်အဆောက်အအုံနေရာတို့ကို ဇူလိုင်လ ၁၉ ရက်တွင် နံနက် ၉ နာရီမှ ညနေ ၃ နာရီအထိ အများပြည်သူ လာရောက်လေ့လာနိုင်ရန် အထူးဖွင့်လှစ်ပြသခဲ့ပြီး ကျန်ရက်များတွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပိတ်ရက်မရှိဖွင့်လှစ်ထားရှိမည်ဖြစ်ကာ အများပြည်သူများ လာရောက်လေ့လာသည့်အခါတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလမ်းညွှန်ချက်များနှင့်အညီ စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရှိရပါသည်။

(မြဝတီသတင်းစာ ၂၀-၇-၂၀၂၂)

- (၇၅) နှစ်မြောက် အာဇာနည်နေ့ ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် နိုင်ငံတော်အလံအား တိုင်ဝက်သို့ လျှော့ချလွှင့်ထူခြင်းအခမ်းအနားကို ဇူလိုင်လ ၁၉ ရက်တွင် ရန်ကုန်မြို့ဝန်ကြီးများရုံး(ယခင်အတွင်းဝန်ရုံး)၌ ကျင်းပခဲ့။
- ဝန်ကြီးများရုံး (ယခင်အတွင်းဝန်ရုံး)၌ ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများကျဆုံးခဲ့သည့် အစည်းအဝေးခန်းမနှင့် ပါလီမန်အဆောက်အအုံနေရာတို့ကို ဇူလိုင်လ ၁၉ ရက်တွင် နံနက် ၉ နာရီမှ ညနေ ၃ နာရီအထိ အများပြည်သူလာရောက်လေ့လာနိုင်ရန် အထူးဖွင့်လှစ်ပြသခဲ့ပြီး ကျန်ရက်များတွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဝိတ်ရက်မရှိ ဖွင့်လှစ်ထားရှိမည်ဖြစ်။

(၇၅) နှစ်မြောက် အာဇာနည်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်နှင့် ဗိုလ်ချုပ်ကြေးရုပ်သို့ ပြည်သူများနှင့် နိုင်ငံခြားသားများ လာရောက်လေ့လာ၊ ဂါရဝပြု

မြန်မာနိုင်ငံလွတ်လပ်ရေးရရှိရန် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် အာဇာနည်ခေါင်းဆောင်ကြီး ၉ ဦးတို့၏ နိုင်ငံနှင့်လူမျိုးအတွက် ဆောင်ရွက်ခဲ့မှုများကို ပြည်သူတစ်ရပ်လုံး၏ရင်ထဲတွင် အမြဲအမှတ်တရရှိစေရန်နှင့် အားကျအတုယူစေရန် အာဇာနည်နေ့ အထိမ်းအမှတ်အခမ်းအနားများကို နှစ်စဉ်ကျင်းပ

ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ ပြည်သူများနှင့် နိုင်ငံခြားသားများ လာရောက်လေ့လာခဲ့သည့် မှတ်တမ်းဓာတ်ပုံများ

လျက်ရှိပါသည်။ (၇၅) နှစ်မြောက် အာဇာနည်နေ့ကို ဇူလိုင်လ ၁၉ ရက်တွင် ကျင်းပပြုလုပ်ခဲ့ရာ -

- ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ အများပြည်သူများနှင့် နိုင်ငံခြားသားများအပါ လာရောက်လေ့လာသူ စုစုပေါင်း ၅၃၄ ဦးရှိ။
- ဗိုလ်ချုပ်ပန်းခြံရှိ ဗိုလ်ချုပ်ကြေးရုပ်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်များကို ရည်မှန်းလျက် အလေးအမြတ် ဦးညွတ်ဂါရဝပြုခဲ့။

နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် ကျဆုံးလေပြီးသော အာဇာနည် ၉ ဦးအား လွမ်းဆွတ်တသအမှတ်ရမှုဖြင့် သွားလာနေကြသောယာဉ်များက ရပ်တန့်ကြ၍ ဥဩဆွဲကာ နိုင်ငံတစ်ဝန်း၌ အလံများကို တိုင်တစ်ဝက်လွှင့်ထူခဲ့ကြကြောင်း သိရှိရပါသည်။

(မြဝတီသတင်းစာ ၂၀-၇-၂၀၂၂)

- **(၇၅) နှစ်မြောက် အာဇာနည်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ အများပြည်သူများနှင့် နိုင်ငံခြားသားများအပါ လာရောက်လေ့လာသူစုစုပေါင်း ၅၃၄ ဦးရှိပြီး ပြည်သူများက ဗိုလ်ချုပ်ပန်းခြံရှိ ဗိုလ်ချုပ်ကြေးရုပ်တွင် အာဇာနည်ခေါင်းဆောင်ကြီးများကို ရည်မှန်းလျက် အလေးအမြတ် ဦးညွတ်ဂါရဝပြုခဲ့။**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် Jeng Phang နော်တောင် ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲ (ရန်ကုန်) ရုံးသစ်ဖွင့်လှစ်ခြင်း အခမ်းအနားသို့ တက်ရောက်

ကျန်းမာရေးဝန်ကြီးဌာန၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲ (ရန်ကုန်) ရုံးသစ်ဖွင့်ပွဲကို ဇူလိုင်လ ၁၉ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ထောက်ကြန့်မြို့ရှိ အဆိုပါရုံး ပင်မဆောင်ရှေ့မြက်ခင်းပြင်၌ ကျင်းပပြုလုပ်ခဲ့ရာ ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် Jeng Phang နော်တောင်က အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲ (ရန်ကုန်) ရုံးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ ပင်မဆောင်ရှိ ကမ္ဘည်းမော်ကွန်းအား အမွေးနုံသာရည်များ ပက်ဖျန်းပေးခဲ့ကြပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်၊ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ပင်မဆောင်ရှိ ဓာတ်ခွဲခန်းများတွင် mercury, lead စသော heavy metals များ ပါဝင်မှုနှုန်းစစ်ဆေးနေမှု၊ ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသော ကုန်ကြမ်း (Active Pharmaceutical Ingredient) စစ်မှန်မှုရှိ/မရှိနှင့် မလိုလားအပ်သော အရောအနှောများပါဝင်မှုကို ဓာတ်ခွဲစမ်းသပ်စစ်ဆေးနေမှု၊ အစားအသောက်များတွင် ဆိုးဆေးများနှင့် တာရှည်ခံဆေးဝါးများ ခွင့်ပြုပမာဏထက် ကျော်လွန်သုံးစွဲခြင်းရှိ/မရှိ၊ စားသောက်ကုန်များထုတ်လုပ်ရာတွင် အသုံးပြုသောကုန်ကြမ်းများ၏ စစ်မှန်မှုနှင့် အရည်အသွေး ဓာတ်ခွဲစမ်းသပ်စစ်ဆေးနေမှု၊ စားသုံးဆီများ၏ အမျိုးအစား စစ်မှန်မှုရှိ/မရှိနှင့် ဆီအမျိုးအစားများပါဝင်သည့် ပြည့်ဝဆီနှင့် မပြည့်ဝဆီများပါရှိခြင်း ဓာတ်ခွဲစမ်းသပ်စစ်ဆေးနေမှုတို့ကို ကြည့်ရှုကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြပါသည်။

အခမ်းအနားအစီအစဉ်ကို ဆက်လက်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် Jeng Phang နော်တောင်က–

- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချမှတ်ထားသည့် ရည်မှန်းချက် (၂) ရပ်ဖြစ်သည့် နိုင်ငံတော်သာယာဝပြောရေးနှင့် တိုင်းပြည်စားရေရိက္ခာပေါများရေးတို့ကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပြည်သူများ အာဟာရပြည့်ဝပြီး ဘေးကင်းလုံခြုံစိတ်ချရသည့် အစားအသောက်များ ရရှိသုံးစွဲနိုင်ရေးကို အထူးအလေးပေး ဆောင်ရွက်လျက်ရှိကြောင်း။
- ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့်လည်း လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာ နေနိုင်ရေး၊ ရောဂါဘယကင်းရှင်းရေးစသည့် ရည်မှန်းချက်များကို ချမှတ်ပြီး ရောဂါကာကွယ်၊ ကုသရေးကိစ္စရပ်များကို ဆောင်ရွက်လျက်ရှိကြောင်း။
- အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် အရည်အသွေးပြည့်ဝပြီး ဘေးအန္တရာယ်ကင်းရှင်းသည့် အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်းနှင့် အလှကုန်များကို ပြည်သူများရရှိသုံးစွဲနိုင်ရန်၊ ကျန်းမာရေးစောင့်ရှောက်မှု

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် Jeng Phang နော်တောင် ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲ (ရန်ကုန်) ရုံးသစ်အတွင်း လှည့်လည်ကြည့်ရှုနေမှု

တွင် အရေးပါသည့် အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်းနှင့် အလှကုန်ပစ္စည်းများ ကြီးကြပ်ကွပ်ကဲခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ချမှတ်ထားသည့် ဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာခြင်းမရှိပါက အရေးယူဆောင်ရွက်ခြင်းစသည့် လုပ်ငန်းများကို နှီးနွယ်ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက-

- ခေတ်မီမာတ်ခွဲခန်းများ၊ E-submission စနစ်ဖြင့် လက်ခံဆောင်ရွက်နိုင်ရန် Infrastructure များပါဝင်သည့် ရုံးအဆောက်အအုံ၊ အရာထမ်းအမှုထမ်းအိမ်ရာများ၊ Training Centre ၁ လုံးစသည့် အဆောက်အအုံ ၇ လုံးပါဝင်ကြောင်း။
- အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် နိုင်ငံတကာအဖွဲ့အစည်းများ၊ အာဆီယံဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး နိုင်ငံ၏လိုအပ်ချက်နှင့်ကိုက်ညီ၍ ခေတ်နှင့်လျော်ညီသည့် အမျိုးသားအစားအသောက်ဥပဒေ၊ ဆေးပစ္စည်းကိရိယာဥပဒေ၊ အလှကုန်ပစ္စည်း ဥပဒေ(မူကြမ်း)တို့ကို ရေးဆွဲအတည်ပြု ပြဋ္ဌာန်းနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း။
- ဘေးအန္တရာယ်ကင်းရှင်းပြီး အရည်အသွေးပြည့်ဝသော အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်းနှင့် အလှကုန်များ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းများကို နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့။

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနကို ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁ ရက်တွင် ကျန်းမာရေးဝန်ကြီးဌာန အောက်ရှိ သီးခြားဦးစီးဌာနအဖြစ် တိုးချဲ့ဖွဲ့စည်းခဲ့ကြောင်း၊ နေပြည်တော်(ရုံးချုပ်)၊ ရန်ကုန်ရုံးခွဲ၊ မန္တလေးရုံးခွဲ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ရုံး ၁၂ ရုံးနှင့် နယ်စပ်ကုန်သွယ်ရေးစခန်း ၁၃ ခုတို့တွင် တိုးချဲ့ဖွဲ့စည်းခဲ့ကြောင်း၊ ယခုအခါ ခရိုင်အဆင့်ရုံး ၃၃ ခုအထိ တိုးချဲ့ဖွဲ့စည်းခဲ့ပြီးဖြစ်ကြောင်းနှင့် အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် Jeng Phang နော်တောင်၊ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရှိရပါသည်။

(မြဝတီသတင်းစာ ၁၈-၇-၂၀၂၂)

- **အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲ (ရန်ကုန်) ရုံးသစ်ဖွင့်ပွဲကို ဇူလိုင်လ ၁၉ ရက်တွင် ကျင်းပပြုလုပ်ခဲ့။**
- **ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့်လည်း လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာနေနိုင်ရေး၊ ရောဂါဘယကင်းရှင်းရေးစသည့် ရည်မှန်းချက်များကို ချမှတ်ပြီး ရောဂါ ကာကွယ်၊ ကုသရေးကိစ္စရပ်များကို ဆောင်ရွက်လျက်ရှိ။**
- **ဘေးအန္တရာယ်ကင်းရှင်းပြီး အရည်အသွေးပြည့်ဝသော အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်းနှင့် အလှကုန်များ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းများကို နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်။**

မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေး အဖွဲ့ (၂၀၂၂-၂၀၂၆) တွင် ပါဝင်တာဝန်ထမ်းဆောင်ကြမည့် ပုဂ္ဂိုလ်များကို ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားကျင်းပ

နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ဇူလိုင်လ ၁၈ ရက်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန(ရန်ကုန်)ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ (၂၀၂၂-၂၀၂၆ ခုနှစ်)တွင် ပါဝင်တာဝန်ထမ်းဆောင်ကြမည့် ပုဂ္ဂိုလ်များကို ဂုဏ်ပြုကြိုဆိုသည့် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားခဲ့ပါသည်။

ဆက်လက်၍ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့အနေဖြင့် နိုင်ငံခြားရေး၊ နိုင်ငံတကာဆက်ဆံရေး၊ ကာကွယ်ရေး၊ လုံခြုံရေး၊ ဥပဒေရေးရာ၊ စီးပွားရေးစသည့် ဘာသာရပ်နယ်ပယ်အသီးသီးတွင် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိုးဖောက်သွားနိုင်ရေး ဆက်လက်ကြိုးပမ်းကြရန် တိုက်တွန်းပြောကြားခဲ့ပါသည်။

အဖွဲ့၏ရည်ရွယ်ချက်မှာ လက်ရှိဒေသတွင်းနှင့် နိုင်ငံတကာရေးရာကိစ္စရပ်များကို လေ့လာသုံးသပ်၍ သုတေသနပြုကာ အတွေးအခေါ်သစ်များနှင့် မူဝါဒရေးရာ အကြံပြုချက်များ ဖော်ဆောင်နိုင်ရန်နှင့် သံတမန်နည်းလမ်းသွယ်-၂ ကို ထိရောက်စွာအသုံးပြု၍ နှစ်ဘက်အကျိုးတူ စိတ်ပါဝင်စားသည့် ကိစ္စရပ်များနှင့် စိုးရိမ်မကင်းဖြစ်ရသည့် ကိစ္စရပ်များတွင် ပြည်တွင်းပြည်ပရှိ အသိပညာရှင်အဖွဲ့များနှင့် ရင်းနှီးနွေးထွေးစွာ ပူးပေါင်းဆောင်ရွက်ရန် ဖြစ်ပါသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့(၂၀၂၂-၂၀၂၆ ခုနှစ်)တွင် ပါဝင်တာဝန်ထမ်းဆောင်ကြမည့် ဝါရင့်အကြံပေးအဖွဲ့နှင့် အမှုဆောင်အဖွဲ့တို့မှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် နိုင်ငံခြားရေး၊ နိုင်ငံတကာဆက်ဆံရေး၊ ကာကွယ်ရေး၊ လုံခြုံရေး၊ ဥပဒေရေးရာ၊ စီးပွားရေးစသည့် ကဏ္ဍအသီးသီးမှ ကျွမ်းကျင်ပညာရှင်များ၊ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

(မြဝတီသတင်းစာ ၁၉-၇-၂၀၂၂)

- **ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့အနေဖြင့် နိုင်ငံခြားရေး၊ နိုင်ငံတကာဆက်ဆံရေး၊ ကာကွယ်ရေး၊ လုံခြုံရေး၊ ဥပဒေရေးရာ၊ စီးပွားရေးစသည့် ဘာသာရပ်နယ်ပယ်အသီးသီးတွင် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိုးဖောက်သွားနိုင်ရေး ဆက်လက်ကြိုးပမ်းကြရန် တိုက်တွန်းပြောကြားခဲ့။**

- **အဖွဲ့၏ရည်ရွယ်ချက်မှာ လက်ရှိဒေသတွင်းနှင့် နိုင်ငံတကာရေးရာကိစ္စရပ်များကို လေ့လာသုံးသပ်၍ သုတေသနပြုကာ အတွေးအခေါ်သစ်များနှင့် မူဝါဒရေးရာ အကြံပြုချက်များ ဖော်ဆောင်နိုင်ရန်နှင့် သံတမန်နည်းလမ်းသွယ်-၂ ကို ထိရောက်စွာအသုံးပြု၍ နှစ်ဘက်အကျိုးတူ စိတ်ပါဝင်စားသည့် ကိစ္စရပ်များနှင့် စိုးရိမ်မကင်းဖြစ်ရသည့် ကိစ္စရပ်များတွင် ပြည်တွင်းပြည်ပရှိ အသိပညာရှင်အဖွဲ့များနှင့် ရင်းနှီးနွေးထွေးစွာ ပူးပေါင်းဆောင်ရွက်ရန်ဖြစ်။**

Kaung For You ဖြစ်စဉ်နှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ဖြေကြားချက်

NUG အကြမ်းဖက်အဖွဲ့၏စီမံမှုဖြင့် အွန်လိုင်းမှတစ်ဆင့် စာသင်ကြားမည့် Kaung For You တရားမဝင်ကျောင်း၏ ကျောင်းတာဝန်ခံနှင့် အပေါင်းအပါနှစ်ဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်များ ဖမ်းဆီးထိန်းသိမ်းခဲ့ပြီးနောက် တရားမဝင်မီဒီယာအချို့အပါအဝင် Social Media များတွင် Kaung For You နှင့်ပတ်သက်သည့် ဝန်ထမ်းအဖြစ် လျှောက်ထားမယ့်သူများ၊ ကျောင်းသားမိဘများကို လက်ရှိနေရာအသီးသီးမှ ထွက်ပြေးတိမ်းရှောင်ရန် ခြောက်လှန့်လုပ်ဆောင်နေမှုများနှင့်ပတ်သက်ပြီး ဆောင်ရွက်သွားမည့် အခြေအနေများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ဖြေကြားချက်မှာ-

- မိမိတို့အစိုးရအနေဖြင့် အခမဲ့ပညာရေးစနစ်ဖြင့် ကျောင်းအားလုံးဖွင့်လှစ်နိုင်ရေး ကြိုးစားဆောင်ရွက်ခဲ့သလို ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသည့်ကာလတွင်လည်း ကျောင်းများဖွင့်လှစ်ပေးခဲ့ကြောင်း။
- ထိုကဲ့သို့ ဆောင်ရွက်နေချိန်တွင် NUG အမည်ခံ အကြမ်းဖက်အဖွဲ့အစည်း၏ သွေးထိုးလှုံ့ဆော်မှုကြောင့် အချို့သောဆရာ၊ ဆရာမများ CDM လုပ်ခဲ့ကြကြောင်း။
- သို့ရာတွင် ကျောင်းသား၊ ကျောင်းသူများ၏ ပညာရေးထိခိုက်မှုမရှိစေရေးအတွက် အစိုးရအနေဖြင့် CDM ဆရာ၊ ဆရာမအချို့အား နိုင်ငံ့ဝန်ထမ်းစည်းမျဉ်းနှင့်အညီ ပြန်လည်လက်ခံခဲ့မှုများရှိခဲ့ကြောင်း။
- အချို့မှာ ယခုထိ အွန်လိုင်းပညာရေးကဲ့သို့ ကိစ္စရပ်များ ဆောင်ရွက်၍ ငွေကြေးကောက်ခံမှုများ၊ ငွေရေးကြေးရေးအရ အခက်အခဲရှိရင်တောင်မှ ကျောင်းသားများနှင့် ကျောင်းသားမိဘများ၏ အချက်အလက်များ ၎င်းတို့လက်ထဲမှာရှိတယ်ဆိုပြီး မပေးပေးအောင် ခြိမ်းခြောက်မှုများရှိနေကြောင်း။
- ထိုကဲ့သို့သွေးထိုးလှုံ့ဆော်မှုများ၊ ခြောက်လှန့်မှုများကြောင့် ကျောင်းတက်ခဲ့ရသည့် ကျောင်းသားများ၊ ကျောင်းအပ်ခဲ့ရတဲ့ ကျောင်းသားမိဘများကို မိမိတို့အနေဖြင့် အရေးယူဖို့ မရှိကြောင်းကို ရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသား ပြောလိုကြောင်း။
- Kaung For You ဆိုသည့်အဖွဲ့သည် ကျောင်းသားမိဘများထံမှ ငွေကြေးကောက်ခံကာ ကောက်ခံရရှိသည့်ငွေများကို အခကြေးငွေပေးပြီး အမျိုးသမီးများနှင့်ပျော်ပါးသည့်

နေရာတွင် အသုံးပြုခဲ့ကြောင်းကို ဓာတ်ပုံအထောက်အထားများနှင့်တကွ မိမိတို့အနေဖြင့် ဖော်ပြပြီးဖြစ်ကြောင်း။

- ၎င်းကိစ္စနှင့်ပတ်သက်၍ ပြည်ဖျက်မီဒီယာများက သူရဲကောင်းကြီးများသဖွယ် ဖော်ပြရေးသားနေပြီး ကျောင်းသားမိဘများနှင့် ကျောင်းသားများကို ဆက်လက်၍သိမ်းသွင်းနေကြောင်း၊ ကျောင်းသားမိဘတွေနဲ့ ကျောင်းသားများကို အစိုးရက ဖမ်းဆီးလိမ့်မည်ဟုဆိုကာ လှုံ့ဆော်နေကြောင်း။
- အဲဒါကိုအခွင့်ကောင်းစောင့်ဆိုင်းနေသော EAO အဖွဲ့က ပိုပြီးဆိုးရွားလာကာ PDF အမည်ခံ အကြမ်းဖက်သမားများကလည်း ၎င်းတို့ဆီကိုလာပြီး ခိုလှုံပါဆိုပြီး သိမ်းသွင်းလျက်ရှိကြောင်း။
- ၎င်းတို့ထိုကဲ့သို့ လုပ်ရသည့်အကြောင်းအရင်းမှာ နံပါတ် ၁ အချက်အနေဖြင့် ၎င်းတို့၏ မဟုတ်တာလုပ်တာတွေကို မိမိတို့အနေဖြင့် ဖော်ထုတ်နိုင်ခဲ့ပြီး သက်သေအထောက်အထားများနှင့် ချပြနိုင်ခဲ့ခြင်းကြောင့် ၎င်းတို့အနေဖြင့် ဒါကို ပြန်ပြီး အဖတ်ဆယ်ခြင်းဖြစ်ကြောင်း၊ နံပါတ် ၂ အချက်အနေဖြင့် ၎င်းတို့တွင် အင်အားနည်းပါးနေမှု၊ ပြိုကွဲနေမှု တွေရှိပြီး ၎င်းတို့မဟုတ်တာတွေ လုပ်နေတာကို ပြည်သူတွေသိပြီးတဲ့နောက်မှာ ပြည်သူတွေအနေနဲ့ ၎င်းတို့ကိုဆန့်ကျင်လာသည့် အခြေအနေများကို အဖတ်ဆယ်နိုင်ရန် အတွက်ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် ယခုအချိန်တွင် ၅၀၅ ဖြင့် တရားစွဲခံထားရသူများ၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ၌ လမ်းမှားရောက်နေသည့် ရာဇဝတ်မှုမကျူးလွန်ထားသူများကို ပြန်လည်လက်ခံပြီး မိဘလက်ထဲသို့ ပြန်လည်အပ်နှံလျက်ရှိရာ ၂၅၀ ဦးခန့် ရှိပြီဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်ကို အခြေခံသည့် ပြည်ထောင်စု၊ ပါတီစုံဒီမိုကရေစီစနစ်ကို ခိုင်ခိုင်မာမာအာမခံထားတာရှိကြောင်း၊ ထို့ကြောင့် Kaung For You ဖြစ်စဉ်နှင့်ပတ်သက်ပြီး ပြောရမည်ဆိုပါက ၎င်းဖြစ်စဉ်တွင် ပါဝင်ပတ်သက်ခဲ့သူများ၊ ဦးစီးဦးဆောင်လုပ်နေသူများနှင့် လူငယ်များကို လမ်းမှားရောက်အောင်တွန်းပို့နေသည့် လူများမှအပ သွေးဆောင်ဖြားယောင်းခံရသည့် မိဘများနှင့် ကျောင်းသားများကို အရေးယူရန် မရှိကြောင်း၊ မိဘများအနေဖြင့်လည်း မိမိတို့သားသမီးများ၏ ပညာရေး၊ မိမိ၏ မိသားစုအရေးကို နည်းမှန်၊ လမ်းမှန်ဖြင့် ဆောင်ရွက်ကြရန် အသိပေးပြောကြားလိုကြောင်း ဖြေကြားခဲ့ပါသည်။

(မြဝတီသတင်းစာ ၁၉-၇-၂၀၂၂)

- **Kaung For You ဆိုသည့်အဖွဲ့သည် ကျောင်းသားမိဘများထံမှ ငွေကြေးကောက်ခံကာ ကောက်ခံရရှိသည့်ငွေများကို အခကြေးငွေပေးပြီး အမျိုးသမီးများနှင့်ပျော်ပါးသည့်နေရာတွင် အသုံးပြုခဲ့ကြောင်းကို ဓာတ်ပုံအထောက်အထားများနှင့်တကွ မိမိတို့အနေဖြင့် ဖော်ပြပြီးဖြစ်။**
- **Kaung For You ဖြစ်စဉ်တွင် ပါဝင်ပတ်သက်ခဲ့သူများ၊ ဦးစီးဦးဆောင်လုပ်နေသူများနှင့် လူငယ်များကို လမ်းမှားရောက်အောင်တွန်းပို့နေသည့် လူများမှအပ သွေးဆောင်ဖြားယောင်းခံရသည့် မိဘများနှင့် ကျောင်းသားများကို အရေးယူရန် မရှိကြောင်း၊ မိဘများအနေဖြင့်လည်း မိမိတို့သားသမီးများ၏ ပညာရေး၊ မိမိ၏ မိသားစုအရေးကို နည်းမှန်၊ လမ်းမှန်ဖြင့် ဆောင်ရွက်ကြရန် အသိပေးပြောကြားလို။**

(၂၂) ကြိမ်မြောက် နိုင်ငံဖြတ်ကျော်မှုခင်းများဆိုင်ရာ အာဆီယံအဆင့်မြင့်အရာရှိကြီးများအစည်းအဝေး မြန်မာကိုယ်စားလှယ်အဖွဲ့ Video Conferencing ဖြင့် ပါဝင်တက်ရောက်

အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်း(APSC) မဏ္ဍိုင်၏(၂၂)ကြိမ်မြောက် နိုင်ငံဖြတ်ကျော်မှုခင်းများဆိုင်ရာ အာဆီယံအဆင့်မြင့်အရာရှိကြီးများအစည်းအဝေး (22nd ASEAN Senior Officials Meeting on Transnational Crime – 22nd SOMTC)ကို ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် ဦးဆောင်၍ ဇူလိုင်လ ၁၉ ရက်က Video Conferencing ဖြင့် ကျင်းပခဲ့ရာ SOMTC (မြန်မာ) ခေါင်းဆောင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယ ရဲချုပ်(၁) ရဲဗိုလ်ချုပ်အောင်အောင် ဦးဆောင်၍ ဘာသာရပ်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများက Online ဖြင့် ပါဝင်တက်ရောက်ခဲ့ပါသည်။

22nd SOMTC စုံညီအစည်းအဝေးတွင်-

- အစည်းအဝေးသဘာပတိ ကမ္ဘောဒီးယားနိုင်ငံ ပြည်ထဲရေးဝန်ကြီးရုံး အထွေထွေအတွင်းရေးမှူးချုပ် (SOMTC ခေါင်း

ဆောင်) ရဲဗိုလ်ချုပ်ကြီး POR PHAK က အဖွင့်အမှာစကား ပြောကြားခဲ့။

- အာဆီယံ ၁၀ နိုင်ငံမှ SOMTC ခေါင်းဆောင်များက နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ နိုင်ငံတကာအဆင့်၊ ဒေသအဆင့်နှင့် နိုင်ငံအဆင့် ပူးပေါင်းဆောင်ရွက်မှုများကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့။
- အာရှဒေသတွင်း စိမ့်ဝင်လာသော အကြမ်းဖက်မှုအန္တရာယ် တားဆီးနှိမ်နင်းရေး၊ မူးယစ်ဆေးဝါးပြဿနာ၊ လက်နက်မှောင်ခိုသယ်ဆောင်မှုများ၊ လူကုန်ကူးမှု၊ ဆိုက်ဘာမှုခင်း၊ တောရိုင်းတိရစ္ဆာန်နှင့် သစ်များတရားမဝင်သယ်ဆောင်ရောင်းဝယ်မှုတိုက်ဖျက်ရေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခဲ့။
- မြန်မာ SOMTC ခေါင်းဆောင် ရဲဗိုလ်ချုပ်အောင်အောင်က မြန်မာနိုင်ငံ၏အကြမ်းဖက်မှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးနှင့် လက်နက်မှောင်ခိုတားဆီးနှိမ်နင်းရေးဆောင်ရွက်ခဲ့မှုများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခဲ့။
- နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးဆိုင်ရာ အာဆီယံလုပ်ငန်းစီမံချက် (၂၀၁၆ -၂၀၂၅) အကောင်အထည်ဖော်မည့် SOMTC လုပ်ငန်းစဉ်(၂၀၂၂-၂၀၂၄)၊ SOMTC ၏ လုပ်ငန်းလမ်းညွှန် (TOR)နှင့် အထွေထွေနိုင်ငံဖြတ်ကျော်မှုခင်းများဆိုင်ရာ SOMTC လုပ်ငန်းအဖွဲ့၏ လုပ်ငန်းလမ်းညွှန် (TOR)တို့ကို အတည်ပြုခဲ့ကြပြီး အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးခဲ့သော နိုင်ငံဖြတ်ကျော်မှုခင်းများတိုက်ဖျက်ရေးဆိုင်ရာ စီမံကိန်းများ၊ ဆိုင်းငံ့/ဆောင်ရွက်ဆဲ အခြေအနေများကို နိုင်ငံအလိုက် ရှင်းလင်းဆွေးနွေးခဲ့။
- အာရှဒေသတွင်း နိုင်ငံဖြတ်ကျော်မှုခင်းများတိုက်ဖျက်ရေးတွင် ပူးပေါင်းပါဝင်ပံ့ပိုးပေးလျက်ရှိသော တရုတ်၊ ဂျပန်၊ ကိုရီးယား၊ ဩစတြေးလျ၊ ကနေဒါ၊ ဥရောပသမဂ္ဂ၊ အိန္ဒိယ၊ နယူးဇီလန်၊ အမေရိကန်နိုင်ငံတို့နှင့်ပြုလုပ်မည့် အစည်းအဝေးအစီအစဉ်များနှင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို သက်ဆိုင်ရာနိုင်ငံအလိုက် ရှင်းလင်းဆွေးနွေးတင်ပြခဲ့။

အဆိုပါအစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံမှ အတွင်းဝန်များနှင့် ညွှန်ကြားရေးမှူးချုပ်အဆင့်များ ဦးဆောင်၍ အရာရှိကြီးအဆင့် ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ နိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်းဆိုင်ရာညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး 22nd SOMTC နှင့် ဆက်စပ်အစည်းအဝေးများကို ဇူလိုင်လ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

(မြဝတီသတင်းစာ ၂၀-၇-၂၀၂၂)

- **22nd SOMTC စုံညီအစည်းအဝေးတွင် နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးဆိုင်ရာ အာဆီယံလုပ်ငန်းစီမံချက် (၂၀၁၆ - ၂၀၂၅) အကောင်အထည်ဖော်မည့် SOMTC လုပ်ငန်းစဉ် (၂၀၂၂-၂၀၂၄)၊ SOMTC ၏ လုပ်ငန်းလမ်းညွှန် (TOR)နှင့် အထွေထွေနိုင်ငံ ဖြတ်ကျော်မှုခင်းများဆိုင်ရာ SOMTC လုပ်ငန်းအဖွဲ့၏ လုပ်ငန်းလမ်းညွှန်(TOR)တို့ကို အတည်ပြုခဲ့ကြပြီး အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးခဲ့သော နိုင်ငံဖြတ်ကျော်မှုခင်းများတိုက်ဖျက်ရေးဆိုင်ရာ စီမံကိန်းများ၊ ဆိုင်းငံ့/ဆောင်ရွက်ဆဲအခြေအနေများကို နိုင်ငံအလိုက် ရှင်းလင်းဆွေးနွေးခဲ့။**

- **အာရှဒေသတွင်း နိုင်ငံဖြတ်ကျော်မှုခင်းများတိုက်ဖျက်ရေးတွင် ပူးပေါင်းပါဝင်ပံ့ပိုးပေးလျက်ရှိသော တရုတ်၊ ဂျပန်၊ ကိုရီးယား၊ ဩစတြေးလျ၊ ကနေဒါ၊ ဥရောပသမဂ္ဂ၊ အိန္ဒိယ၊ နယူးဇီလန်၊ အမေရိကန်နိုင်ငံတို့နှင့် ပြုလုပ်မည့် အစည်းအဝေးအစီအစဉ်များနှင့် ကြုံတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို သက်ဆိုင်ရာနိုင်ငံအလိုက် ရှင်းလင်းဆွေးနွေးတင်ပြခဲ့။**

၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် မျိုးဆက်သစ်ထူးချွန်လူငယ်မောင်မယ်များ စင်ကာပူနိုင်ငံနှင့် ထိုင်းနိုင်ငံလေ့လာရေးခရီးစဉ်မှ ပြန်လည်ရောက်ရှိ

တပ်မတော်အနေဖြင့် နိုင်ငံတော်၏ ပညာရေးကဏ္ဍ မြှင့်တင်ရေးတွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ရန် တပ်မတော်သားများနှင့် တပ်မတော်သားမိသားစုဝင်များ၏ ပညာရည်မြှင့်တင်ရေးကို အလေးထားဆောင်ရွက်လျက်ရှိရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏လမ်းညွှန်မှုဖြင့် မျိုးဆက်သစ်ထူးချွန်လူငယ်မောင်မယ်များကို နိုင်ငံတကာဗဟုသုတတိုးပွားစေရန်၊ နိုင်ငံတကာယဉ်ကျေးမှုနှင့် အသိပညာများလေ့လာသိရှိနိုင်စေရန်အတွက် စင်ကာပူနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သို့ လေ့လာရေးခရီး စေလွှတ်ခဲ့ပါသည်။ ကျောင်းသား၊ ကျောင်းသူများနှင့် စစ်သည်များပါဝင်သော မျိုးဆက်သစ်ထူးချွန်လူငယ်မောင်မယ်များလေ့လာရေးအဖွဲ့သည် ဇူလိုင်လ ၁၉ ရက်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ပါသည်။

လေ့လာရေးအဖွဲ့သည်-

- ဇူလိုင်လ ၁၅ ရက်မှ ၁၆ ရက်အထိ စင်ကာပူနိုင်ငံရှိ Garden by the Bay ဥယျာဉ်၊ Merlion ပန်းခြံနှင့် စင်ကာပူနိုင်ငံ၏ အထင်ကရနေရာ Merlion ရုပ်ထုကြီးဖြင့် မှတ်တမ်းတင်ခြင်းနှင့် စင်ကာပူအမျိုးသားတက္ကသိုလ်၊ Nayang Technological University (NTU)၊ Science Center၊ Sea Aquarium၊ Assumption University များသို့ သွားရောက်လေ့လာခြင်းများ။
- ဇူလိုင်လ ၁၇ ရက်မှ ၁၉ ရက်အထိ ထိုင်းနိုင်ငံ၊ ဘန်ကောက်ရှိ မြဘုရားအား သွားရောက်ဖူးမြော်ခြင်း၊ ငါးပြတိုက်နှင့် Madame Tussauds သို့ သွားရောက်လေ့လာခြင်း၊ ကျောက်ဖရားမြစ် River City မှ ရှေးဟောင်းသမိုင်းဝင် အရုဏ်ဦးဘုရားဆီသို့ လှေစီး၍ ဘန်ကောက်မြို့အလှရှုခင်းများအား လေ့လာခြင်းများ ဆောင်ရွက်ခဲ့။

မျိုးဆက်သစ်ထူးချွန်လူငယ်မောင်မယ်များ လေ့လာရေးအဖွဲ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)စစ်ရေးချုပ်ရုံးမှ ဗိုလ်မှူးကြီးတင်ဇော်လတ် ဦးဆောင်သော စစ်မှုထမ်းဆဲ/စစ်မှုထမ်းဟောင်း မိသားစုဝင်သားသမီးများမှ ၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူ ၃၀ ဦး၊ အမှတ်အများဆုံးရရှိသော စစ်သည် ၃ ဦး၊ အောင်ချက်အကောင်းဆုံးဆုရ ကျောင်းအုပ် ၂ ဦး၊ အုပ်ချုပ်မှုအဖွဲ့ဝင် ၃ ဦး စုစုပေါင်း ၃၈ ဦး လိုက်ပါခဲ့ကြပြီး ဇူလိုင်လ ၁၅ ရက်မှ ၁၉ ရက်ထိ လေ့လာလည်ပတ်ခဲ့ကြကြောင်း သိရှိရပါသည်။

(မြဝတီသတင်းစာ ၂၀-၇-၂၀၂၂)

၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် မျိုးဆက်သစ် ထူးချွန်လူငယ် မောင်မယ်များ စင်ကာပူနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ရှိ အထင်ကရနေရာများသို့ လေ့လာရေးခရီးသွားရောက်ခဲ့မှု

- တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ လမ်းညွှန်မှုဖြင့် မျိုးဆက်သစ်ထူးချွန်လူငယ် မောင်မယ်များကို နိုင်ငံတကာ ယဉ်ကျေးမှုနှင့် အသိပညာများ လေ့လာသိရှိနိုင်စေရန်အတွက် စင်ကာပူနှင့် ထိုင်းနိုင်ငံတို့သို့ လေ့လာရေးခရီး စေလွှတ်ခဲ့။
- လေ့လာရေးအဖွဲ့တွင် ကျောင်းသား၊ ကျောင်းသူ ၃၀ ဦး၊ အမှတ်အများဆုံးရရှိသော စစ်သည် ၃ ဦး၊ အောင်ချက်အကောင်းဆုံးဆုရ ကျောင်းအုပ် ၂ ဦး၊ အုပ်ချုပ်မှုအဖွဲ့ဝင် ၃ ဦး စုစုပေါင်း ၃၈ ဦးလိုက်ပါကြပြီး ဇူလိုင်လ ၁၅ ရက်မှ ၁၉ ရက်အထိ လေ့လာလည်ပတ်ခဲ့။

မြန်မာ့ပင်လယ်ပြင်အတွင်း၌ ရေဝင်နစ်မြုပ်မှုဖြစ်ပွားနေသည့် ငါးဖမ်းစက်လှေများမှ လှေသားများအား တပ်မတော်စစ်ရေယာဉ်၊ ကမ်းခြေစောင့်တပ်ဖွဲ့ရေယာဉ်များဖြင့် ကူညီကယ်ဆယ်

ရန်ကုန်မြစ်အတွင်း စက်ပျက်၍ ရေဝင်နစ်မြုပ်မှုဖြစ်ပွားနေသည့် ကျားပိုက်ငါးဖမ်းလှေမှ လှေသားများအား ကမ်းခြေစောင့်တပ်ဖွဲ့ရေယာဉ်ဖြင့် ကူညီကယ်ဆယ်ကာ အဝတ်အထည်နှင့် စားသောက်ဖွယ်ရာများ ပေးအပ်နေမှု

ဇူလိုင်လ ၁၄ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြစ်အတွင်း၌ စက်ပျက်၍ ရေဝင်နစ်မြုပ်မှုဖြစ်ပွားနေသည့် ကျားပိုက်ငါးဖမ်းလှေအား လည်းကောင်း၊ ဇူလိုင်လ ၁၉ ရက်တွင် ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်ရှိ မြန်မာ့ပင်လယ်ပြင်အတွင်းသို့ ငါးဖမ်းရန် ထွက်ခွာလာစဉ် လှေဦးအောက်ခြေမှပွင့်ထွက်၍ ရေဝင်နစ်မြုပ်လျက်ရှိသော ငါးဖမ်းစက်လှေ ၁ စီးအားလည်းကောင်း နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် တပ်မတော်စစ်ရေယာဉ်၊ ကမ်းခြေစောင့်တပ်ဖွဲ့ရေယာဉ်များမှ တပ်မတော်သားများက ကူညီကယ်ဆယ်ပေးခဲ့ကြောင်း သိရှိရပါသည်။

ရန်ကုန်မြစ်အတွင်း စက်ပျက်၍ ရေဝင်နစ်မြုပ်လျက်ရှိသည့် အိဖြိုးရတနာ(၃)အမည်ရှိ ကျားပိုက်ငါးဖမ်းလှေမှ လှေသား ၂၂ ဦးနှင့် သံတွဲမြို့နယ်ရှိ မြန်မာ့ပင်လယ်ပြင်အတွင်း ရေဝင်နစ်မြုပ်မှုဖြစ်ပွားနေသည့် ငါးဖမ်းစက်လှေမှ လှေသား ၅ ဦးတို့အား တပ်မတော်သားများက လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသခြင်းများ ဆောင်ရွက်ပေးခဲ့ပြီး အဝတ်အထည်နှင့် စားသောက်ဖွယ်ရာများပေးအပ်ခဲ့ကြောင်း သိရှိရပါသည်။

(မြဝတီသတင်းစာ ၂၀-၇-၂၀၂၂)

- **ရန်ကုန်မြစ်အတွင်း စက်ပျက်၍ ရေဝင်နစ်မြုပ်မှုဖြစ်ပွားနေသည့် ကျားပိုက်ငါးဖမ်း လှေမှ လှေသား ၂၂ ဦးနှင့် သံတွဲမြို့နယ်ရှိ မြန်မာ့ပင်လယ်ပြင်အတွင်း ရေဝင်နစ်မြုပ်မှုဖြစ်ပွားနေသည့် ငါးဖမ်းစက်လှေမှ လှေသား ၅ ဦးတို့အား နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် တပ်မတော်စစ်ရေယာဉ်၊ ကမ်းခြေစောင့်တပ်ဖွဲ့ရေယာဉ်များမှ တပ်မတော်သားများက လိုအပ်သည့်ကူညီကယ်ဆယ်လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့။**

သံတွဲမြို့နယ်ရှိ မြန်မာ့ပင်လယ်ပြင်အတွင်း၌ ရေဝင်နှစ်မြုပ်မှုဖြစ်ပွားနေသည့် ငါးဖမ်းစက်လှေပေါ်မှ လှေသားများအား တပ်မတော်စစ်ရေယာဉ်ဖြင့် ကူညီကယ်ဆယ်ကာ ထောက်ပံ့ပစ္စည်းများ ပေးအပ်နေမှု

ပြစ်မှုကျူးလွန်ခြင်းမရှိဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်ခိုလှုံသည့် PDF အဖွဲ့ဝင်များအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နယ်မြေအတွင်း သင်တန်းများ တက်ရောက်ခဲ့သော်လည်း ပြစ်မှုကျူးလွန်ခြင်းမရှိဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်ခိုလှုံသည့် PDF အဖွဲ့ဝင်များအား ၎င်းတို့၏မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကို ဇူလိုင်လ ၁၈ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်မြေခံသင်တန်းကျောင်းတွင် ကျင်းပခဲ့ရာ ပထမဆုံးအကြိမ် လက်နက်ခဲယမ်းများနှင့်အတူ ဝင်ရောက်လာခဲ့သည့် ဘုတ်ပြင်းမြို့နယ်နှင့် တနင်္သာရီမြို့နယ်တို့မှ PDF အဖွဲ့ဝင်အမျိုးသား ၂ ဦးနှင့် အမျိုးသမီး ၁ ဦးတို့အား တိုင်းဒေသကြီးအစိုးရအဖွဲ့များမှ တာဝန်ရှိသူများက ဝန်ခံကတိလက်မှတ်ရေးထိုးစေပြီး လက်နက်၊ ခဲယမ်းများကို လွှဲပြောင်းရယူကာ ထောက်ပံ့ငွေများ အသီးသီးပေးအပ်ပြီးနောက် ၎င်းတို့၏အုပ်ထိန်းသူ မိဘဆွေမျိုးများထံသို့ ပြန်လည်အပ်နှံခဲ့ပါသည်။

လက်ရှိအချိန်တွင် နိုင်ငံတော်အစိုးရက PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်း

ကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်းပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဟု အသိပေးထုတ်ပြန်ထားပြီး ၂၀၂၂ ခုနှစ်၊ ဇွန်လ ၆ ရက်မှ ဇူလိုင်လ ၁၈ ရက်အထိ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူ PDF အဖွဲ့ဝင် အမျိုးသား ၁၈၁ ဦးနှင့် အမျိုးသမီး ၅၀ ဦး စုစုပေါင်း ၂၃၁ ဦးရှိပြီဖြစ်ကြောင်း သိရှိရပါသည်။

(မြဝတီသတင်းစာ ၁၉-၇-၂၀၂၂)

- **တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နယ်မြေအတွင်း သင်တန်းများတက်ရောက်ခဲ့သော်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ ပထမဆုံးအကြိမ် လက်နက်ခဲယမ်းများနှင့်အတူ လာရောက်ခိုလှုံသည့် ပြစ်မှုကျူးလွန်ခြင်းမရှိသူ ဘုတ်ပြင်းမြို့နယ်နှင့် တနင်္သာရီမြို့နယ်တို့မှ PDF အဖွဲ့ဝင် အမျိုးသား ၂ ဦးနှင့် အမျိုးသမီး ၁ ဦးတို့အား တိုင်းဒေသကြီးအစိုးရအဖွဲ့များမှ တာဝန်ရှိသူများက ထောက်ပံ့ငွေများအသီးသီးပေးအပ်ကာ ၎င်းတို့၏ အုပ်ထိန်းသူမိဘဆွေမျိုးများထံသို့ ပြန်လည်အပ်နှံခဲ့ပြီး ၂၀၂၂ ခုနှစ်၊ ဇွန်လ ၆ ရက်မှ ဇူလိုင်လ ၁၈ ရက်အထိ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူ PDF အဖွဲ့ဝင် အမျိုးသား ၁၈၁ ဦးနှင့် အမျိုးသမီး ၅၀ ဦး စုစုပေါင်း ၂၃၁ ဦးရှိပြီဖြစ်။**

ကျောက်တန်းမြို့နယ်၌ အကြမ်းဖက်သမားတစ်ဦးက အကြမ်းဖက်မှုလုပ်ရပ်များ လုပ်ဆောင်ရန် လက်ပစ်ဗုံးအား ဆိုင်ကယ်ဖြင့်သယ်ဆောင်လာစဉ် ပေါက်ကွဲမှုဖြစ်ပွားခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၌ အကြမ်းဖက်သမားတစ်ဦးက အကြမ်းဖက်မှုလုပ်ရပ်များ လုပ်ဆောင်ရန် လက်ပစ်ဗုံးအား ဆိုင်ကယ်ဖြင့် သယ်ဆောင်လာစဉ် ပေါက်ကွဲမှုဖြစ်ပွားခြင်း သိရှိရပါသည်။

ဖြစ်စဉ်မှာ ဇူလိုင်လ ၁၇ ရက်တွင် ကျောက်တန်းမြို့နယ်၊ ခနောင်ကျေးရွာအနီး၌ မောင်းနှင်နေသည့် ဆိုင်ကယ်ပေါ်မှ ပေါက်ကွဲမှုဖြစ်ပွား၍ ဆိုင်ကယ်မောင်းနှင်လာသူ အမျိုးသားတစ်ဦး ဒဏ်ရာများဖြင့် လဲကျနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အသက် (၄၀)နှစ်ခန့်၊ ဝဲမျက်လုံးချို့ယွင်းနေသည့် အမျိုးသားတစ်ဦး(စိစစ်ဆဲ)အား ဝဲလက်ကောက်ဝတ်မှ ပြတ်ကာ၊ ယာလက်ချောင်းများ၊ လည်ပင်း၊ မေးစေ့နှင့် ဝဲခြေသလုံးတို့ ပေါက်ပြဲပွင့်ထွက် ဒဏ်ရာများဖြင့် သေဆုံးနေပြီး ၎င်းစီးနင်းလာသည့် မော်တော်ဆိုင်ကယ် ၁ စီးနှင့် အနက်ရောင်ဘေးလွယ်အိတ်တစ်လုံးတို့အား ၎င်း၏အနီးမှတွေ့ရှိရသဖြင့် အနက်ရောင်ဘေးလွယ်အိတ်အား ဖွင့်ဖောက်စစ်ဆေးခဲ့ရာ အိတ်အတွင်းမှ အမျိုးအစား(စိစစ်ဆဲ) လက်ပစ်ဗုံး ၁ လုံးအား တွေ့ရှိရသဖြင့် ဖောက်ခွဲရှင်းလင်းခဲ့ပါသည်။

အကြမ်းဖက်သမားများအနေဖြင့် လက်လုပ်မိုင်းပြုလုပ်နည်း၊ မိုင်းထောင်နည်းများအား တိုင်းရင်းသားလက်နက်ကိုင်နယ်မြေများတွင် အချိန်တိုကာလအတွင်း သင်ကြားခြင်း၊ ဆိုရှယ်မီဒီယာမှတဆင့် online အသုံးပြုသင်ကြားခဲ့ခြင်းတို့ကြောင့် ကျမ်းကျင်စွာတတ်မြောက်မှုမရှိသဖြင့် ယခုကဲ့သို့ မိုင်းထောင်စဉ်ပေါက်ကွဲမှုများ ဖြစ်ပွားကာ သေဆုံးမှုများ မကြာခဏ ဖြစ်ပွားလျက်ရှိပြီး ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက် အထိ သေဆုံးသူ ၄၆ ဦး၊ ဒဏ်ရာရရှိသူ ၃၇ ဦး ရှိကြောင်း တွေ့ရှိရပါသည်။

ဖြစ်စဉ်တွင် သေဆုံးခဲ့သည့် အကြမ်းဖက်သမားနှင့် ပတ်သက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သော စုံစမ်းစစ်ဆေးခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

(မြဝတီသတင်းစာ ၂၀-၇-၂၀၂၂)

- **ကျောက်တန်းမြို့နယ်၌ အကြမ်းဖက်သမားတစ်ဦးက အကြမ်းဖက်မှုလုပ်ရပ်များ လုပ်ဆောင်ရန် လက်ပစ်ဗုံးအား ဆိုင်ကယ်ဖြင့် သယ်ဆောင်လာစဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့။**

ပေါက်မြို့နယ်၊ ကျောက်အိုးကျေးရွာအတွင်းရှိ ဒေသခံပြည်သူများ၏ နေအိမ်များအား PDF အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီး

ပေါက်မြို့နယ်၊ ကျောက်အိုးကျေးရွာ၌ PDF အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် ပျက်စီးခဲ့သည့် နေအိမ်များ

မကွေးတိုင်းဒေသကြီး၊ ပေါက်မြို့နယ်အတွင်း အများပြည်သူလုံခြုံအေးချမ်းမှုရှိစေရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ဇူလိုင်လ ၁၅ ရက်တွင် PDF အကြမ်းဖက်အဖွဲ့များက ကျောက်အိုးကျေးရွာအတွင်းရှိ ဒေသခံပြည်သူများ၏ နေအိမ်များအား မီးရှို့ဖျက်ဆီးနေကြောင်း ပြည်သူအချို့၏ သတင်းပေးပို့လာမှုကြောင့် သွားရောက်ခဲ့ရာ နေအိမ် ၈၀ လုံးခန့်မှာ မီးလောင်ပျက်စီးလျက်ရှိသည်ကို တွေ့ရှိရသဖြင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ကျေးရွာအတွင်း လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်စဉ် ကျေးရွာဘုန်းကြီးကျောင်းအနီး၌ PDF အကြမ်းဖက်သမားများ၏ လက်လုပ်သေနတ် ၁ လက်၊ လက်လုပ်စိန်ပြောင်း ၁ လက်၊ လက်လုပ်ဗုံး ၃ လုံး၊ လက်လုပ်မိုင်း ၂ လုံး၊ ဝါးညှပ်မိုင်း ၉၉ ချောင်း၊ လည်တိုဖိနပ် ၆ ရံ၊ လည်ရှည်ဖိနပ် ၁ ရံ၊ ယမ်းမှုန့် ၅၀ ကျပ်သား၊ ကန့်မှုန့် ၅၀ ကျပ်သား၊ ဓာတ်ခဲအကြီး(ဝါယာကြိုးတပ်လျက်) ၄ လုံး၊ ဘောစီ ၅၀၀ လုံးနှင့် အခြားဆက်စပ်ပစ္စည်းများအား သိမ်းဆည်းရမိခဲ့ပါသည်။

PDF အကြမ်းဖက်သမားများအနေဖြင့် ၎င်းတို့ကို မထောက်ခံသည့် ကျေးရွာများတွင် ယခုကဲ့သို့ မကြာခဏ တိုက်ခိုက်ဖျက်ဆီးလျက်ရှိသည့်အပြင် ဒေသခံပြည်သူများအား ခြိမ်းခြောက်အကြပ်ကိုင်၍ ဆက်ကြေးများကောက်ခံခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်းနှင့် ဒေသခံပြည်သူများ၏ နေအိမ်များအား မီးရှို့ဖျက်ဆီးခြင်းများကို အသိတရားကင်းမဲ့စွာ လုပ်ဆောင်လျက်ရှိပြီး အဆိုပါ မီးလောင်/မီးရှို့ဖျက်ဆီးမှုများအား လုံခြုံရေးတပ်ဖွဲ့ဝင်များမှ မီးရှို့သည့်အသွင်ဖြင့် သတင်းအမှားများ၊ လုပ်ကြံသတင်းများကို ပြည်ဖျက်မီဒီယာများမှ ထုတ်လွှင့်လျက်ရှိကြောင်း သိရှိရပါသည်။

ပြည်သူများ၏ နေအိမ်များအား မီးရှို့ဖျက်ဆီးခဲ့သည့် အကြမ်းဖက်သမားများအား အမြန်ဆုံးအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

(မြဝတီသတင်းစာ ၁၉-၇-၂၀၂၂)

- **PDF အကြမ်းဖက်အဖွဲ့များက ပေါက်မြို့နယ်၊ ကျောက်အိုးကျေးရွာအတွင်းရှိ ဒေသခံပြည်သူများ၏ နေအိမ်များအား မီးရှို့ဖျက်ဆီးခဲ့ရာ နေအိမ် ၈၀ လုံးခန့်မှာ မီးလောင်ပျက်စီးခဲ့။**
- **လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး ကျေးရွာဘုန်းကြီးကျောင်းအနီး၌ PDF အကြမ်းဖက်သမားများ၏ လက်နက်ခဲယမ်းများနှင့် အခြားဆက်စပ်ပစ္စည်းများအား သိမ်းဆည်းရမိခဲ့။**

ပေါက်မြို့နယ်၊ ကျောက်အိုးကျေးရွာ၌ PDF အကြမ်းဖက်သမားများ ဆေးကုသသည့်နေရာ

ပေါက်မြို့နယ်၊ ကျောက်အိုးကျေးရွာ၊ ဘုန်းကြီးကျောင်းအနီး၌ သိမ်းဆည်းရမိခဲ့သော လက်နက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ

PDF အကြမ်းဖက်သမားများက ပညာရေးကဏ္ဍမြင့်မားရေးကို နည်းမျိုးစုံအသုံးပြု၍ နှောင့်ယှက်ဖျက်ဆီး

NUG နှင့် ၎င်း၏လက်အောက်ခံ နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်သမားများက အနာဂတ်ရင်သွေးငယ်များ၏ ပညာသင်ကြားသင်ယူခွင့် အခွင့်အလမ်းများ ပျက်ပြားရ ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန်နှင့် ကျောင်းသား၊ ကျောင်းသူ၊ ဆရာ၊ မိဘများအား အထိတ်တလန့်ဖြစ်စေရန် ယုတ်မာရိုင်းစိုင်းသော ရည်ရွယ်ချက်များဖြင့် စာသင်ကျောင်းများ၌ ခြိမ်းခြောက်စာများရေးသားခြင်း၊ ဆရာ၊ ဆရာမများထံသို့ ခြိမ်းခြောက်စာများပေးပို့ခြင်းများနှင့် ပညာရေးဆိုင်ရာအဆောက်အဦများအား မီးရှို့ဖျက်ဆီးခြင်းနှင့် မိုင်းထောင်ဖောက်ခွဲခြင်းများဖြင့် ပညာရေးကဏ္ဍအပေါ် နည်းမျိုးစုံအသုံးပြု၍ ခြိမ်းခြောက်အကြမ်းဖက်ခြင်းများ လုပ်ဆောင်လျက်ရှိပါသည်-

- ဇူလိုင်လ ၁၇ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ ထောက်ကြန့်ကျေးရွာတွင် နေထိုင်ပြီး အဆိုပါကျေးရွာ၏ အခြေခံပညာအထက်တန်းကျောင်း၌ တာဝန်



ဒု-ဂု-၂၀၂၂ ထုတ်ပြန်ကြေညာချက်

ကလေးမြို့နယ်မှတဆင့်ကျေးရွာအလိုက်

ပြည်သူ့ကာကွယ်ရေးအဖွဲ့မှသတိပေးထုတ်ပြန်ကြေညာလိုက်သည်။

ဒု-ဂု-၂၀၂၂ မှစ၍CDMမလုပ်ဆောင်သောကျောင်း၊ ဆရာ/မများ၊ ကျောင်းတက်/ကျောင်းပြသူး လာလုပ်ရှား၊ စစ်ကောင်စီဝါဒဖြာတိုင်များ၊ အဖြစ်သတ်မှတ်ဖြိုးအဖြစ်ပါမကွန် တိုက် ခိုက်ဖျက် မှုနှံ သွားမည်ဖြစ်ပါ၍ ဆက်လက်လုပ်ဆောင်လို သည်ဆရာ/မ အားလုံး ရပ်ရွာနေရာ ဒေသမှ အပြီးအပိုင်ခွန်ခွာနိုင်ကြောင်းနှင့် လုပ်ဆောင်နေသူများကို စစ်ကောင်စီ ဝါဒဖြာတိုင် ဖြစ် သော ကြောင့်အပြတ် ရှင်းလင်းသွား မည်ဖြစ်ပါ၍ ညွှန်ကြားထုပ်ပေး အနေဖြင့် ပြင်း ထန်စွာသတိပေးလိုက်သည်။ သတိပေးသောအချိန်မှ မလုပ်တန့်ဘဲသွား လာလှုပ်ရှား မှုကို နေပါကငင်း တို့၏ အသက်အန္တရာယ်ကိုပါ မဲ့ကွက်ဘဲလုပ်ဆောင်သူအားလုံးကို အပြတ် ချေမှုန်းသွား မည်ဖြစ်သည်။ ကလေးမြည်သူကာ ကွယ်ရေး အဖွဲ့မှ နောက်ဆုံး အကြိမ်သတိ ပေးခြင်းဖြစ်သည်။

ပြည်သူ့ကာကွယ်ရေးအဖွဲ့

ကလေးမြို့ရှိ ကျောင်းဆရာမ ၇ ဦးအား အကြမ်းဖက်သမားများ ပေးပို့ခဲ့သည့် ခြိမ်းခြောက်စာနှင့် ကျည်ဆံတို့၏ မှတ်တမ်းဓာတ်ပုံ

ထမ်းဆောင်နေကြသည့် ကျောင်းဆရာမ ၇ ဦးတို့၏ နေအိမ်အသီးသီးတွင် PDF အကြမ်းဖက်သမားများက “ဆရာ၊ ဆရာမများ CDM ပြုလုပ်ရန်၊ ကျောင်းဆက်တက်ခြင်း ဆက်လက်မပြုလုပ်ရန်နှင့် ဆက်လက်လုပ်ဆောင်ပါက အပြတ် ချေမှုန်းသွားမည်ဖြစ်ကြောင်း နောက်ဆုံးအနေဖြင့် သတိပေးခြင်း” ဟု ရေးသားထားသည့် ခြိမ်းခြောက်စာနှင့် အတူ ကျည်ဆံတစ်ထောင့်တို့အား လာရောက်ပစ်ချခြိမ်းခြောက်ခဲ့။

- ထို့ပြင် ကချင်ပြည်နယ်၊ ပူတာအိုမြို့၊ ကောင်းကထောင်ရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းအရှေ့ရပ်ကွက်ရှိ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌လည်းကောင်း ကျောင်းတက်ရောက်မှုကို အနှောင့်အယှက်ဖြစ်စေရန် ခြိမ်းခြောက်ဆန့်ကျင်သည့် စာများ ရေးသားထားခဲ့။
- ဇူလိုင်လ ၁၈ ရက်တွင် မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်းဝင်း၌ လက်လုပ်မိုင်း ၁ လုံး ပေါက်ကွဲခဲ့မှုကြောင့် ကျောင်းရှေ့လမ်းပေါ်မှ ဖြတ်သန်းသွားလာနေသူ ဖြိုးသက်ပိုင်ခန့် (၂၃) နှစ်တွင် မိုင်းစထိမှန်ဒဏ်ရာများရရှိခဲ့ကာ ကျောင်းဝင်းအတွင်းရုပ်တန့်ထားသည့် HIJET အမျိုးအစား မော်တော်ယာဉ်၏ လေကာမှန် ၂ ချပ်နှင့် ကျောင်းပြတင်းပေါက်မှန် ၂ ချပ်တို့ ကွဲအက်ပျက်စီးခဲ့။

အထက်ပါဖြစ်စဉ်များတွင် ပါဝင်ပတ်သက်သူများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရှိရပါသည်။

(မြဝတီသတင်းစာ ၂၀-၇-၂၀၂၂)

- **စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း၌ တာဝန်ထမ်းဆောင်နေကြသည့် ကျောင်းဆရာမ ၇ ဦးတို့၏ နေအိမ်များအား PDF အကြမ်းဖက်သမားများက “ဆရာ၊ ဆရာမများ CDM ပြုလုပ်ရန်၊ ကျောင်းဆက်တက်ခြင်း ဆက်လက်မပြုလုပ်ရန်နှင့် ဆက်လက်လုပ်ဆောင်ပါက အပြတ်ချေမှုန်းသွားမည်ဖြစ်ကြောင်း နောက်ဆုံးအနေဖြင့် သတိပေးခြင်း” ဟု ရေးသားထားသည့် ခြိမ်းခြောက်စာနှင့်အတူ ကျည်ဆံတစ်တောင့်တို့အား လာရောက်ပစ်ချခြိမ်းခြောက်ခဲ့။**
- **ကချင်ပြည်နယ်၊ ပူတာအိုမြို့ရှိ အခြေခံပညာအထက်တန်းကျောင်း၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်ရှိ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌လည်းကောင်း ကျောင်းတက်ရောက်မှုကို အနှောင့်အယှက်ဖြစ်စေရန် ခြိမ်းခြောက်ဆန့်ကျင်သည့်စာများ ရေးသားထားခဲ့။**

ပူတာအိုမြို့၊ ကောင်းကထောင်ရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း အနောက်ဘက် ဝင်ပေါက်အနီး၌ အကြမ်းဖက်သမားများ ရေးသားထားသည့် ခြိမ်းခြောက်စာများ၏ မှတ်တမ်းဓာတ်ပုံ

- **အောင်မြေသာစံမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်းဝင်း၌ လက်လုပ်မိုင်း ၁ လုံး ပေါက်ကွဲခဲ့မှုကြောင့် ကျောင်းရှေ့ လမ်းပေါ်မှ ဖြတ်သန်းသွားလာနေသူ အမျိုးသား ၁ ဦးတွင် မိုင်းစထိမှန်ဒဏ်ရာများရရှိခဲ့။**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အကြမ်းဖက်လုပ်ရပ်များ အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဆက်လက်ဖော်ထုတ်အရေးယူ

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏လက်အောက်ခံအဖွဲ့အစည်းများ၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် လိုက်ပါမလုပ်ဆောင်ရန် တားမြစ်ထားသော်လည်း နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့ပြီး အကြမ်းဖက်လုပ်ရပ်များကို အားပေးလုပ်ဆောင်ခဲ့သဖြင့် တရားဥပဒေနှင့်အညီ ဖမ်းဆီးအရေးယူခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိရာ-

- ဇူလိုင်လ ၁၃ ရက်မှ ဇူလိုင်လ ၁၉ ရက်ထိ နေပြည်တော်ကောင်စီနယ်မြေ၌ ၁ ဦး၊ ရန်ကုန်တိုင်းဒေသကြီး၌ ၈ ဦး၊ ပဲခူးတိုင်းဒေသကြီး၌ ၇ ဦး၊ မန္တလေးတိုင်းဒေသကြီး၌ ၅ ဦး၊ မကွေးတိုင်းဒေသကြီး၌ ၄ ဦး၊ တနင်္သာရီတိုင်းဒေသကြီး၌ ၁ ဦး၊ ဧရာဝတီတိုင်းဒေသကြီး၌ ၁ ဦး၊ မွန်ပြည်နယ်၌ ၁ ဦးနှင့် ရှမ်းပြည်နယ်၌ ၅ ဦး စုစုပေါင်း ၃၃ ဦးတို့ကို ဖမ်းဆီးရမိခဲ့။
- ဧနှစ်ဝါရီလ ၂၇ ရက်မှ ဇူလိုင်လ ၁၉ ရက်ထိ စုစုပေါင်း ၆၇၄ ဦးအား ဥပဒေနှင့် အညီ အရေးယူထားပါသည်။

ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်ကာ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည် ဖြစ်ကြောင်း သိရှိရပါသည်။

(မြဝတီသတင်းစာ ၂၀-၇-၂၀၂၂)

- **ဇူလိုင်လ ၁၃ ရက်မှ ဇူလိုင်လ ၁၉ ရက်ထိ နေပြည်တော်ကောင်စီနယ်မြေ၌ ၁ ဦး၊ ရန်ကုန်တိုင်းဒေသကြီး၌ ၈ ဦး၊ ပဲခူးတိုင်းဒေသကြီး၌ ၇ ဦး၊ မန္တလေးတိုင်းဒေသကြီး၌ ၅ ဦး၊ မကွေးတိုင်းဒေသကြီး၌ ၄ ဦး၊ တနင်္သာရီတိုင်းဒေသကြီး၌ ၁ ဦး၊ ဧရာဝတီတိုင်းဒေသကြီး၌ ၁ ဦး၊ မွန်ပြည်နယ်၌ ၁ ဦးနှင့် ရှမ်းပြည်နယ်၌ ၅ ဦး စုစုပေါင်း ၃၃ ဦးတို့ကို ဖမ်းဆီးရမိခဲ့။**
- **ဧနှစ်ဝါရီလ ၂၇ ရက်မှ ဇူလိုင်လ ၁၉ ရက်ထိ စုစုပေါင်း ၆၇၄ ဦးအား ဥပဒေနှင့်အညီ အရေးယူထားရှိ။**